မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ

September 9, 2025 | Volume 94, Number 7

| ၉ ၉.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၀.၈၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၅၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၉.၂၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၆၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၂၅ ကျပ် |

## ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် တစ်သိန်းကျော် တင်ပို့နိုင်



မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန်တစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၁၀၈,၇၃၃ ဒသမ ၂၇၄ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၈၅၉ သန်းရရှိခဲ့ပါတယ်" ဟုၡင်းကပြောသည်။

အဆိုပါ ငါးလတာကာလအတွင်း ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၇,၈၁၉ ဒသမ ၁၇၉ တန်တင်ပို့ပြီးအမေရိကန်ဒေါ်လာ ၈၅ ဒသမ ၅၄၉ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၀,၉၁၄ ဒသမ ၀၉၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃သန်း ရရှိသည့်အတွက် စုစုပေါင်းငါးမက်ထရစ်တန် ၁၀၈,၇၃၃ ဒသမ ၂၇၄ တန်တင်ပို့မှုမှအမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၈၅၉ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ငါးအပါအဝင်တခြားရေထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ရေထွက်ကုန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၁၅၃,၉၂၆ ဒသမ ၃၃၉ တန်တင်ပို့နိုင်ခဲ့သည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့မှုရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## စက်မှုလုပ်ငန်းအချို့ ဘားအံစက်မှုဇုန်သို့ ပြောင်းရွှေ့



မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ စက်မှုလုပ်ငန်းတချို့ဟာ ကရင်ပြည်နယ် ဘားအံစက်မှုဇုန်ကို ပြောင်းရွှေ့လုပ်ကိုင်လာကြတယ်လို့ ကရင်ပြည်နယ်အစိုးရအဖွဲ့က သိရပါတယ်။

ကရင်ပြည်နယ်မှာ ဂေါ်ဒန်ကျောက် ထွက်တာကြောင့် မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေက ဂေါ်ဒန်ကျောက်အမှုန့်ကြိတ်ခွဲစက်ရုံတချို့နဲ့တခြားစက်မှုလုပ်ငန်းတချို့ပြောင်းရွှေ့လာကြတာဖြစ်တယ်လို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ပြောပါတယ်။

ဘားအံစက်မှုဇုန်မှာ ကျွမ်းကျင်လုပ်သား ရှားပါးတဲ့အခက်အခဲရှိလို့ CMP စနစ်နဲ့ အဝတ်အထည်အမျိုးမျိုးချုပ်တဲ့ လုပ်ငန်းအများစုကတော့ ရပ်ဆိုင်းထားကြပါတယ်။လက်ရှိမှာစားသောက်ကုန်ထုတ်လုပ်ငန်း၊ ဂေါ်ဒန်ကျောက် အမှုန့်ကြိတ်လုပ်ငန်းတွေအများဆုံးရင်းနှီးမြှုပ်နှံသလို ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကဏ္ဍမှာလည်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာတယ်လို့ ဆိုပါတယ်။

ဂေါ်ဒန်ကျောက်အမှုန့်ကို မြေသြဇာထုတ်လုပ်သလို၊ အလှကုန်ပစ္စည်းတွေမှာလည်း အသုံးပြုတယ်လို့ သိရပါတယ်။

ကရင်ပြည်နယ်မှာ ဘားအံစက်မှုဇုန်နဲ့ မြဝတီစီးပွားရေးဇုန်ရှိပြီး မြဝတီကုန်သွယ်ရေးဇုန်ကတော့ လတ်တလောမှာကုန်သွယ်ရေးတွေ ခေတ္တရပ်တန့်ထားလို့ ဘားအံစက်မှုဇုန်တစ်ခုတည်းမှာသာ စက်မှုလုပ်ငန်းတွေ လည်ပတ်နေတယ်လို့ ကရင်ပြည်နယ်အစိုးရအဖွဲ့က သိရပါတယ်။

ဘားအံစက်မှုဇုန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေပါ ဝင်ရောက်ရင်းနှီးမြှုပ်နှံနေပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုကအများဆုံးဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေထဲမှာ အိန္ဒိယနိုင်ငံရဲ့ ၃ ဘီးကား ထုတ်လုပ်တဲ့ စက်ရုံက ရင်းနှီးမြှုပ်နှံမှုအများဆုံးနဲ့ ဦးဆောင်နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၏ ဆန်/စပါး ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်တင်ဘာလ ပထမအပတ်အတွင်း၌ဖြစ်ပေါ်နေသော စပါး ဈေးနှုန်း၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း (သစ်) စပါး တင်း ၁၀၀၊ ကျပ်၄,၇၀၀,၀၀၀နှင့် ဆန် တစ်အိတ် ကျပ်၁၆၀၀၀၀၊ ရှောမင်း (သစ်) စပါး တင်း ၁၀၀၊ ကျပ်၂,၈၀၀,၀၀၀ နှင့် ဆန်တစ်အိတ် ကျပ်၁၂၅,၀၀၀၊ ကလေး ညှော့မထ (သစ်) စပါး တင်း ၁၀၀၊ ကျပ်၁,၈၀၀,၀၀၀နှင့် ဆန်တစ်အိတ် ကျပ်၆၈,၀၀၀၊ ကလေး ရှောမင်း (သစ်) စပါး တင်း ၁၀၀၊ ကျပ်၂,၃၀၀,၀၀၀နှင့် ဆန်တစ်အိတ် ကျပ် ၈၅,၀၀၀၊ အင်းတော် ဆင်း (၃) (သစ်) စပါးတင်း ၁၀၀၊ ကျပ် ၁,၆၀၀,၀၀၀နှင့် ဆန် တစ်အိတ် ကျပ် ၈၀,၀၀၀၊ ရှောမင်း (သစ်) စပါးတင်း ၁၀၀၊ ကျပ်၂,၀၀၀,၀၀၀နှင့် ဆန် တစ်အိတ် ကျပ်၁၂၀,၀၀၀၊ မုံရွာ ရှောမင်း (သစ်) စပါးတင်း ၁၀၀၊ ကျပ်၂,၇၀၀,၀၀၀နှင့် ဆန်

တစ်အိတ် ကျပ်၁၃၀,၀၀၀နှင့် မနေသုခ (သစ်) စပါး တင်း ၁၀၀၊ ကျပ် ၁,၈၀၀,၀၀၀နှင့် ဆန် တစ်အိတ် ကျပ်၈၀,၀၀၀စသည်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ယခင်လနှင့်နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်း (သစ်) စပါး တင်း ၁၀၀၊ ကျပ်၁၀၀,၀၀၀နှင့် ဆန် တစ်အိတ် ကျပ်၅၀၀၀၊ ရောမင်း (သစ်) စပါး တင်း ၁၀၀၊ ကျပ်၂၀၀,၀၀၀မြင့်တက်လာသည်။

ထိုသို့ ရွှေဘိုပေါ်ဆန်း၊ ရောမင်း စပါး/ဆန် မြင့်တက်ရခြင်းမှာ လှောင်လက်များ အဝယ်လိုက်ခြင်း၊ ဆန်စက်များမှ အဆွဲရှိခြင်းကြောင့်ဖြစ်ပြီး မုံရွာ မနေသုခ စပါး တင်း ၁၀၀၊ ကျပ်၁၀၀,၀၀၀နှင့် ဆန် တစ်အိတ်၊ ၃၀၀၀ကျပ်ခန့် ဈေးအနည်း ငယ်ကျဆင်းလာသည်။

အောက်ပိုင်းမှ စပါးအသစ်များပေါ်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းတို့ကြောင့် ဈေးအနည်းငယ်ကျဆင်းလာကြောင်း မုံရွာမြို့ရှိ ဆန်ပွဲရုံများမှ သိရသည်။

**Source :** https://myantrade.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁-၉-၂၀၂၅ မှ ၅-၉-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၈၉၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၁၉၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၃၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၇၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၇၀,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၆,၀၀၀ ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၃၀ လုံး (တန်ချိန် ၃၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် မတ်ပဲကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန် နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၈,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၀၀၀ (၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀ (၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ) ပိုမိုဝင် ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၅၇၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၆၅၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁-၉-၂၀၂၅ မှ ၅-၉-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၇၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၆၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၂၅၀ နှင့် မုံရွာလတ်ချော ကျပ် ၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၆ စီး(၆၃၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၉၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၉၀၀ (၈၇,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၁၀၀ (၆၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၈၀၀ (၂၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း Ok ကျပ် ၄၂၀၀ ၊ အောင်ပန်း S1 ကျပ် ၅၂၀၀ နှင့် အောင်ပန်း S2 ကျပ် ၆၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၂၀၀ ၊အောင်ပန်း Ok ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၁ စီး(၁၂၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၈ စီး (၁၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၇ စီး (၄၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်ရေးကဏ္ဍသည် အရည်အသွေးမြင့်မားပြီး ရေရှည်တည်တံ့သော တိုးတက်မှုရရှိခဲ့



တရုတ်နိုင်ငံ၊ အကောက်ခွန်အုပ်ချုပ်ရေးအဖွဲ့ (GAC) က တရုတ်နိုင်ငံသည် ၁၄ ကြိမ်မြောက်၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၅ နှစ်တာ စီမံကိန်းကာလအတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၅၇ နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံ ၃ ခုထဲတွင် ပါဝင်သည်ဟု ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ကုန်သွယ်မှုများကို ပြန်လည်သုံးသပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တရုတ်အကောက်ခွန်အာဏာပိုင်များနှင့် နိုင်ငံခြားအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု စာချုပ်စာတမ်း စုစုပေါင်း ၅၁၉ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာနေသည်ကို ရောင်ပြန်ဟပ်ကြောင်း၊ တရုတ်အကောက်ခွန်သည် တစ်နှစ်လျှင် ပျမ်းမျှ ပို့ကုန်၊ သွင်းကုန် တန်ချိန် ၅ ဒသမ ၂ ဘီလီယံခန့် (ယွမ် ၄၁ ဒသမ ၅ ထရီလီယံ နှင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၉ ထရီလီယံ) ကို ကြီးကြပ်ကွပ်ကဲခဲ့ပြီး ပို့ကုန်သွင်းကုန် ထောက်ပံ့ရေး ကွင်းဆက်တစ်လျှောက် ဘေးကင်းလုံခြုံမှု၊ တည်ငြိမ်မှုနှင့် ထိန်းချုပ်နိုင်မှုတို့ကို သေချာစေလျက် တရုတ်နိုင်ငံအား ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးနိုင်ငံအဖြစ် ရပ်တည်စေခဲ့ကြောင်း GAC အကောက်ခွန်အရာရှိ Sun Meijun က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ ပိုးလမ်းမစီမံကိန်း၏ မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ယွမ်ငွေ ၂၂ ထရီလီယံအထိ ရောက်ရှိခဲ့ပြီး နိုင်ငံခြားကုန်သွယ်မှုပမာဏ၏ ထက်ဝက်ကျော်ရှိခဲ့သည်။ အာဆီယံ၊ လက်တင်အမေရိက၊ အာဖရိကနှင့် အလယ်အာရှအပါအဝင် တိုးတက်လာသော စီးပွားရေးဈေးကွက်များနှင့် ကုန်သွယ်မှုပမာဏသည် ၁၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်။

ထပ်မံ၍ အကောက်ခွန်အရာရှိ Sun Meijun က နယ်စပ်ဖြတ်ကျော် အီလက်ထရွန်းနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ရေး၊ပင်လယ်ရပ်ခြားသိုလှောင်ရုံများနှင့် "bonded-plus" လုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းပုံစံသစ်များအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဆန်းသစ်တီထွင်ပေါင်းစပ်မှုများကို မြှင့်တင်ပေးခဲ့သည်။

အဆိုပါ အစီအမံများသည် နိုင်ငံခြား ကုန်သွယ်မှုအတွက် မောင်းနှင်အား အသစ်များကို အရှိန်မြှင့်တင်ပေးခဲ့ပြီး ကမ္ဘာ့စက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုကို အားကောင်းစေခဲ့သည်။

ထို့ပြင် ပို့ကုန်များသည် ဆန်းသစ်တီထွင်မှုများကြောင့် အဆက်မပြတ်တိုးတက်လျက်ရှိပြီး "ကုန်စည်အသစ်သုံးမျိုး" ဟုခေါ်သော လျှပ်စစ်မော်တော်ယာဉ်များ၊ Lithium – Ion ဘက်ထရီများနှင့် နေရောင်ခြည်စွမ်းအင်သုံး ထုတ်ကုန်များ၏ ၂၀၂၄ ခုနှစ် တင်ပို့မှုပမာဏသည် ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၆ ဆ မြင့်တက်လာခဲ့သည်။

အဆိုပါ ကာလအတွင်း သွင်းကုန်အရင်းအမြစ်များသည်လည်း ပိုမိုများပြားလာခဲ့ပြီး နောက်ထပ်နိုင်ငံနှင့်ဒေသ အသစ် ၈၁ ခုမှ စိုက်ပျိုးရေးနှင့် စားသောက်ကုန်အမျိုးအစား ၂၇၁ မျိုးကို ဈေးကွက်ဝင်ရောက်ခွင့် ခွင့်ပြုခဲ့သည်။ ယခုအခါ လူသုံးကုန်ပစ္စည်းများ၊ အဆင့်မြင့်စက်ကိရိယာများနှင့် အရေးကြီးအစိတ်အပိုင်းများကိုလည်း ကမ္ဘာတစ်ဝှန်းရှိ အရင်းအမြစ်များမှ ပိုမိုတင်သွင်းလာနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုမှာဒေသအလိုက်တိုးတက်ကောင်းမွန်လာခဲ့ပြီး အရှေ့ပိုင်းနှင့်ကမ်းရိုးတန်း ပြည်နယ်များသည် တင်ပို့မှုပမာဏကို တည်ငြိမ်အောင်ထိန်းထားနိုင်သော်လည်း အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများ၌ နှစ်စဉ်ပျမ်းမျှ ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ပင်လယ်ဆိပ်ကမ်း ၄၀ ကို ပြန်လည်မွမ်းမံခဲ့ခြင်း သို့မဟုတ် ချဲ့ထွင်ခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး စုစုပေါင်းပင်လယ်ဆိပ်ကမ်း ၃၁၁ ခုအထိ တိုးမြှင့်လာနိုင်ခဲ့သည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုသည် မြေ၊ ပင်လယ်နှင့်လေကြောင်းတို့ကိုဖြတ်သန်းကာ အရှေ့၊ အလယ်ပိုင်းနှင့်အနောက်ဒေသများကို ဘက်ပေါင်းစုံမှ ချိတ်ဆက်ထားသည့် ဆိပ်ကမ်းတစ်ခုကို တည်ဆောက်နိုင်ခဲ့သည်။

**Source: https://www.globaltimes.cn/page/202508/1341660.shtml**

https://commerce.gov.mm/

## ကမ္ဘောဒီးယား၏ လောင်စာဆီတင်သွင်းမှုသည် ပထမ ၇ လအတွင်း စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံရှိ



ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းတင်သွင်းသည့် ဒီဇယ်လောင်စာ၊ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့သည် ၂၀၂၅ ခုနှစ်၊ ပထမ ၇ လအတွင်း ၁၃ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၁-၈-၂၀၂၅ ရက်နေ့တွင်ထုတ်ပြန်ထားသည်။

ဒီဇယ်လောင်စာ၊ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းမှုတန်ဖိုးသည် ယခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ၄၅ ဘီလီယံရှိပြီး ယမန်နှစ် အလားတူကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံဖိုးရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံတော်သည် ဒီဇယ်ဆီ တင်သွင်းမှုအတွက် ဒေါ်လာ ၇၈၆ သန်း သုံးစွဲခဲ့ပြီး ယမန်နှစ်အလားတူကာလအောက် ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဓာတ်ဆီအတွက် ကန်ဒေါ်လာ ၄၅၉ ဒသမ ၇ သန်းသုံးစွဲခဲ့ပြီး ၂၀ ဒသမ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သဘာဝ ဓာတ်ငွေ့အတွက်ဒေါ်လာ ၂၀၄ ဒသမ ၆ သန်း သုံးစွဲခဲ့ပြီး ၆ ဒသမ၃ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ကမ္ဘောဒီးယားနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ကုန်များ ဝယ်လိုအားသည် ၂၀၃၀ ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၈ သန်းအထိ တိုးလာနိုင်ကြောင်း ခန့်မှန်းထားကြောင်း သိရသည်။

**Source: Khmer Times**

**DOCA**(ရန်ကုန်)

https://www.doca.gov.mm/

## ထိုင်းနိုင်ငံ၏ အသီးအရွက်အခြေပြုဈေးကွက် ဘတ် ၄၅ ဘီလီယံခန့်ရောက်ရှိ

ထိုင်းနိုင်ငံ၏ အသီးအရွက်အခြေပြုသည့် အစားအစာဈေးကွက်များသည် မထင်မှတ်ဖွယ် ဘတ် ၄၅ ဘီလီယံခန့်ရောက်ရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင် နောက်ထပ် ၁၀ ရာခိုင်နှုန်းခန့် ဘတ် ၄၉ ဒသမ၅ ဘီလီယံခန့် ရရှိရန် စီမံနေကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် နည်းဗျူဟာဌာနမှ ညွှန်ကြားရေးမှူး Poonpong Naiyanapakorn က ပြောသည်။



အဆိုပါမြင့်တက်လာမှုသည်စားသုံးသူများ၏ကျန်းမာရေးအသိရှိမှုတိုးပွားလာခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကြောင့်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အချက်အလက်ထောက်ပံ့ရေးအဖွဲ့အစည်း (FMI) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၅ ခုနှစ်တွင် နိုင်ငံတစ်ဝှန်းရှိ အသီးအရွက်အခြေပြု အစားအသောက်ဈေးကွက်သည် ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံ အထိရောက်ရှိခဲ့ပြီး ၂၀၃၅ ခုနှစ်တွင် ဒေါ်လာ ၄၄ ဒသမ ၁၈ ဘီလီယံခန့်ရောက်ရှိရန် မျှော်မှန်းကြောင်း သိရသည်။

အဆိုပါဈေးကွက်မြင့်တက်လာမှုသည် သက်သတ်လွတ်သမားများကြောင့်မဟုတ်ဘဲ ကြီးထွားလာသော အသားအနည်းငယ်စားသုံးသူများ အဖွဲ့အစည်းများကြောင့်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းသည် ကမ္ဘာ့လျင်မြန်စွာ ကြီးထွားနေသောဈေးကွက်ကို ဖြည့်ဆည်းပေးနိုင်သည့် ပစ်မှတ်ထားသော စားသုံးသူများအဖြစ် ကိုယ်စားပြုကြောင်း သိရသည်။

Poonpong က အသီးအရွက်အခြေပြု အစားအသောက်လုပ်ငန်း၏ အဓိကအခက်အခဲသည် လျင်မြန်စွာပြောင်းလဲနေသော စားသုံးသူများ၏ လိုအပ်ချက်ကို နားလည်သဘောပေါက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်၎င်းက အဆိုပါလုပ်ငန်းများ အောင်မြင်ရန်အတွက် သုတေသနများနှင့် စားသုံးသူ၏ အကြိုက်နှင့် ကိုက်ညီမည့် တီထွင်ဆန်းသစ်မှုများကို ဖန်တီးသင့်ကြောင်းနှင့် စားသုံးသူများ ပိုမိုသိရှိစေရန် ဖြန့်ဖြူးသည့် လမ်းကြောင်းများကို ချဲ့ထွင်သင့်ကြောင်း အကြံပေးခဲ့ကြောင်း သိရသည်။

**Source: Nation Thailand**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (9.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,359 (Shares) | 13,480,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,500 | 7,400 | 507 | 3,802,200 | 33,109,694 | 245,012 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 1,000 | 3,150,000 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 84 | 621,600 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 329 | 648,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 664 | 1,726,400 | 12,823,224 | 33,340 |
| EFR | 00006 | 1,900 | +50 | +2.70% | 1,850 | 1,900 | 1,800 | 1,641 | 3,090,850 | 19,977,223 | 37,957 |
| AMATA | 00007 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 32 | 104,400 | 10,497,598 | 34,642 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 102 | 336,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.99 | +0.09 | +0.02% | 362.36 | 365.40 | 362.36 | 4,359 | 13,480,050 | 8 | 688,430 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 5,271 (Shares) | 15,990,300 (MMK) |

## Main Board

As of 1:00 pm, 9th Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,359 (Shares) | 13,480,050 (MMK) |

| MYANPIX | 364.99 ▲ 0.09 |
|---|---|
| Total Volume (shares) | 4,359 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,430 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 50 |
| AMATA | 00007 | 3,300 | ▲ 50 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR